အလွတ်သဘောဘာသာပြန်ဆိုချက်

၁၂၀

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့
## ကြေညာချက်
## ၂၀၂၀ ပြည့်နှစ် အမှတ် (၂၂)

မိမိနိုင်ငံ သက်ဆိုင်သည့် ဥပဒေပြဋ္ဌာန်းချက်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့နှင့် မြန်မာနိုင်ငံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့အကြား ချုပ်ဆိုထားသည့် မြန်မာနိုင်ငံမှ ဆန်တင်ပို့ရာတွင် ရောဂါပိုးမွှားစစ်ဆေးရမည့် သဘောတူစာချုပ်ပါ သတ်မှတ်ချက်တို့အရ ဤကြေညာချက်ထုတ်ပြန်သည့်နေ့မှစ၍ ပိုးမွှားစမ်းသပ်စစ်ဆေးခြင်းဆိုင်ရာသတ်မှတ်ချက်နှင့် ကိုက်ညီသည့် မြန်မာနိုင်ငံမှ ထုတ်လုပ်သည့်ဆန်များအား တင်သွင်းခွင့်ပြုပါသည်။ မြန်မာနိုင်ငံမှ ဆန်များတင်သွင်းရန် သတ်မှတ်ထားသည့် ရောဂါပိုးမွှား စစ်ဆေးမည့် လိုအပ်ချက်များကိုလည်း ပူးတွဲထည့်သွင်းကြေညာအပ်ပါသည်။

ပူးတွဲ- မြန်မာ့ဆန်များ တင်သွင်းရန် ရောဂါပိုးမွှားစစ်ဆေးရန် သတ်မှတ်ထားသည့် လိုအပ်ချက်များ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ
အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့
၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၆) ရက်

# မြန်မာ့ဆန်များတင်သွင်းရန်အတွက် အရည်အသွေးကြီးကြပ်စစ်ဆေးရေးဆိုင်ရာ လိုအပ်ချက်များ

## စစ်ဆေးမည့်အခြေခံမူများ

(၁) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အပင်နှင့် တိရစ္ဆာန် တင်ပို့တင်သွင်းခြင်းဆိုင်ရာ ကြီးကြပ်စစ်ဆေးသည့်ဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပင်နှင့် တိရစ္ဆာန် တင်ပို့တင်သွင်းခြင်းဆိုင်ရာ ကြီးကြပ်စစ်ဆေးသည့် ဥပဒေအား အကောင်အထည်ဖော်ရန် နည်းဥပဒေများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပို့ကုန်သွင်းကုန် ကုန်ပစ္စည်းဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပို့ကုန်သွင်းကုန် ကုန်ပစ္စည်းဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေအား အကောင်အထည်ဖော်ရန် နည်းဥပဒေများ။

(၂) ပို့ကုန်သွင်းကုန်ဆိုင်ရာ စားသုံးကုန်ဘေးအန္တရာယ်ကင်းရှင်းရေးစီမံခန့်ခွဲမှုနည်းလမ်း၊ စားနပ်ရိက္ခာ တင်ပို့တင်သွင်းခြင်းဆိုင်ရာ အရည်အသွေး စီမံခန့်ခွဲမှု ကြီးကြပ်စစ်ဆေးသည့်နည်းလမ်း။

(၃) တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့နှင့် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့အကြား ချုပ်ဆိုထားသည့် မြန်မာနိုင်ငံမှ ဆန်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရန် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေးသဘောတူစာချုပ်။

## တင်သွင်းခွင့်ပြုမည့်ကုန်ပစ္စည်း

မြန်မာနိုင်ငံအတွင်း ထုတ်လုပ်ပြီး အဆင့်မြင့်ဆန်နှင့် ဆန်ကွဲ အပါအဝင် Processing ဆိုင်ရာ လုပ်ငန်းများဖြင့် အဆင့်မြှင့်တင် ပြုပြင်ထုတ်လုပ်ထားသည့်ဆန်ဖြစ်သည်။

## ထုတ်လုပ်မှုဆိုင်ရာစက်ရုံလိုအပ်ချက်များ

မြန်မာနိုင်ငံ၏ ဆန်တင်ပို့ခြင်း၊ ပြုပြင်သိုလှောင်ခြင်းဆိုင်ရာ လုပ်ငန်းများအတွက် မြန်မာနိုင်ငံဘက်မှ အတည်ပြုထောက်ခံချက်အရ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင် အဖွဲ့မှ စစ်ဆေးအတည်ပြု မှတ်ပုံတင်ခွင့်ပြုပေးမည်ဖြစ်သည်။

## ကုန်ပစ္စည်းကြီးကြပ်စစ်ဆေးမှုလိုအပ်ချက်

(၁) မြန်မာနိုင်ငံမှ တင်သွင်းမည့် ဆန်သည် မြန်မာနိုင်ငံ၏ အရည်အသွေးပြည့်မီသည့် ဆန်များဖြစ်ရန် လိုအပ်ပြီး တရုတ်နှင့်မြန်မာ နှစ်နိုင်ငံမှ သတ်မှတ်ထားသည့် အပင်နှင့် သီးနှံကြီးကြပ်စစ်ဆေးမှုဆိုင်ရာ ဆက်စပ်ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီရန် လိုအပ်မည်ဖြစ်ပါသည်။

၁၂၈

(၂) မြန်မာ့ဆန်များ တင်သွင်းရာတွင် အောက်ဖော်ပြပါ အန္တရာယ်ရှိပိုးမွှားများ ပါဝင်မှုမရှိရပါ-

(i) Trogodeerma granarium

(ii) Cryptolestes pusilloides

(iii) Callosobruchus oraculates

(iv) Cenchrus echinatus

(v) Chromolaena odorate(L.) King & Robinson

(vi) Striga hermonthica

(vii) Sorghum helepens

(viii) Saccharum spontameum

(၃) မြန်မာနိုင်ငံမှ ဆန်များ တင်သွင်းရာတွင် စပါးခွံ၊ ရိုးတံ၊ အရွက်၊ မြက်ရိုင်းများ၊ စပါးစေ့များ၊ အခြားသော အပင်အစိတ်အပိုင်းနှင့် မြေမှုန့်များ စသည်တို့ ပါဝင်ခြင်းမရှိရပါ။

(၄) မြန်မာ့ဆန်များ တရုတ်နိုင်ငံသို့ တင်ပို့ခြင်းမပြုမီ ပိုးမွှားနှိမ်နင်းခြင်းဆိုင်ရာ ကိစ္စရပ်များကို ကြိုတင်ပြုလုပ်ထားရန် လိုအပ်မည်ဖြစ်ပြီး ဆန်အတွင်း သက်ရှိပိုးမွှား ပါဝင်မှုမရှိကြောင်းကို အာမခံရမည်ဖြစ်သည်။ အထူးသဖြင့် ဆန်သိုလှောင်ရာတွင် တွေ့ရှိနိုင်သည့်အန္တရာယ်ရှိပိုးမွှားနှိမ်နင်းခြင်းဆိုင်ရာထောက်ခံချက်လက်မှတ်ပါရှိရန်လိုအပ်မည်ဖြစ်သည်။

ရောဂါပိုးမွှားစစ်ဆေးခြင်းထောက်ခံချက်ဆိုင်ရာလိုအပ်ချက်များ

မြန်မာနိုင်ငံမှ ဆန်များ တင်သွင်းသည့် အကြိမ်တိုင်းတွင် မြန်မာနိုင်ငံ၊ သက်ဆိုင်ရာအစိုးရဌာန၏ ရောဂါပိုးမွှားကင်းရှင်းကြောင်း ထောက်ခံချက် ပူးတွဲပါရှိရမည်။ ထို့အပြင် ထောက်ခံချက်တွင် **"ဤဆန်သည် မြန်မာနိုင်ငံမှ ဆန်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရန် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး၊ တရုတ်နိုင်ငံဘက်တွင် ဖော်ပြထားသည့် အန္တရာယ်ရှိ ပိုးမွှားများ ပါဝင်ခြင်းမရှိပါ (This batch of rice meets the requirements of The Protocol on Plant Inspection and Quarantine Requirements for Exporting Rice from Myanmar to China and is free of quarantine pests of concern to China)"** ဟူသည့် စာသားအား အင်္ဂလိပ်ဘာသာ (သို့) တရုတ်ဘာသာဖြင့် ဖော်ပြပါရှိရမည်။

၁၂၄

**စားသုံးကုန်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာလိုအပ်ချက်**

မြန်မာနိုင်ငံမှ တင်သွင်းမည့် ဆန်များသည် တရုတ်နှင့်မြန်မာ နှစ်နိုင်ငံမှ သတ်မှတ်ထားသည့် စားသုံးကုန် ဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေဆိုင်ရာ ဆက်စပ်လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့်ကိုက်ညီရမည်။

**ထုတ်ပိုးခြင်းဆိုင်ရာလိုအပ်ချက်**

မြန်မာနိုင်ငံမှ တင်သွင်းမည့် ဆန်များသည် တရုတ်နိုင်ငံ၊ အပင်နှင့် ရောဂါပိုးမွှား ကင်းရှင်းရေးဆိုင်ရာသတ်မှတ်ချက်အရ အဆိပ်ရှိ ပိုးမွှားများပါဝင်သည့် အရာဝတ္ထုများ၊ မသန့်ရှင်းသည့်ထုတ်ပိုးပစ္စည်းများကို အသုံးမပြုဘဲ၊ ဘေးအန္တရာယ်ကင်း၍ သန့်ရှင်းသည့် ထုတ်ပိုးပစ္စည်းများဖြင့် ထုတ်ပိုးရန်ဖြစ်သည်။ ထုတ်ပိုးထားသည့်အိတ်တိုင်းတွင် ဆန်အမျိုးအစား၊ ထုတ်ပိုးသည့်စက်ရုံ၊ တင်ပို့သည့် ကုန်ပစ္စည်းအမျိုးအမည်၊ သက်ဆိုင်ရာ ကုမ္ပဏီ လုပ်ငန်း၏ မှတ်ပုံတင်အမှတ်နေရပ်လိပ်စာတို့နှင့်တကွ **"တရုတ်နိုင်ငံသို့ တင်ပို့မည်"** ဆိုသည့် စာသားအား တရုတ်ဘာသာ (သို့) အင်္ဂလိပ်ဘာသာတို့ဖြင့် ဖော်ပြရမည်။

**ကုန်စည်သယ်ယူပို့ဆောင်မည့်ယာဉ် လိုအပ်ချက်**

မြန်မာ့ဆန်များအား ယာဉ်ပေါ်သို့မတင်ဆောင်မီ ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များ နှင့်ကိုက်ညီရန်နှင့် တရုတ်နိုင်ငံဘက်မှ ဖော်ပြထားသည့် စပါးခွံများ၊ ရိုးတံများ၊ အရွက်များ၊ မြက်ရိုင်းစေ့များနှင့် မြေမှုန့်များ စသည့် အန္တရာယ်ရှိပိုးမွှားများ ပါဝင်မှုမရှိစေရေး လိုအပ်ချက် များနှင့်ကိုက်ညီရန်အတွက် သယ်ယူပို့ဆောင်မည့်ယာဉ်များအားစစ်ဆေးခြင်းနှင့်ပိုးသတ်ခြင်း လုပ်ငန်းများကို လုပ်ဆောင်ရမည်။

**အခြား**

မြန်မာနိုင်ငံမှ ဆန်များ ထုတ်လုပ်ခြင်း၊ ထုတ်ပိုးခြင်း၊ သိုလှောင်ခြင်းနှင့် မှတ်ပုံတင်ခွင့် ရရှိသည့် လုပ်ငန်းနှင့်အမည်စာရင်း၊ တရုတ်နိုင်ငံသို့ တင်ပို့မည့် မြန်မာ့ဆန်၏ အပင်နှင့်ပိုးမွှား ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်စာရွက်စာတမ်းများကို တရုတ်နိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ Website တွင် ရှာဖွေကြည့်ရှုနိုင်ပါသည်။